# တပ်မတော်ပြုပြင်ရေး လှုပ်ရှားမှု (RAM) တဆင့်တိုး လုပ်ကြဖို့

၁။နောက်တချီ အုံကြွမှုအတွက် အချိန်ယူပြင်ရမှာပဲ။ တပါတီတဖွဲ့တည်းပြင်လို့မရပါဘူး ။ အားလုံးဝိုင်းပြီးပြင်ရပါမယ်၊ လက်နက်မဲ့ပြည်သူတွေကိုချည်း စည်းရုံးတာနဲ့ မလုံလောက်ပါဘူး။ လက်နက်ကိုင်ထားတဲ့သူတွေကို ပါစည်းရုံးရပါမယ်၊ လက်နက်ကိုင်ထားတာက အစိုးရစစ်တပ်(တပ်မတော်) ရှိတယ်၊အပစ်အခတ်ရပ်စဲထားတဲ့‘ငြိမ်းအဖွဲ့’တွေရှိတယ်၊ ပုလိပ်တွေရှိတယ်၊ သူတို့ကိုစည်းရုံးရမှာပဲ၊ တိုင်းချစ်ပြည်ချစ်တွေ၊ နိုင်ငံရေးအမြော်အမြင်ရှိသူတွေ ဖြစ်အောင်လုပ်ရမှာပဲ။

၂။ ‘၂၀၀၇ စက်တဘ်ာအုံကြွမှုကြီး’ ပြီးတဲ့နောက်မှာ စစ်အုပ်စုကလည်း နောက်တချီအတွက် ပြင်နေတာပဲ။ စစ်တပ်တွင်း ပြင်တာတွေတော့‘အတွင်းပိုင်းသတင်း’တွေမှာအမြဲတွေ့နေရတယ်။ တခြားပြင်တာလည်း ရှိတယ်။ နအဖ အလံရှူးတယောက်က ဗိုလ်အောင်ကြီးကိုဗျူးတာလည်း ပြင်နေတာတခုပဲ။ မှတ်မိကြပါလိမ့်ဦးမယ်။ ၁၉၈၈ တုန်းကလည်း ဗိုလ်အောင်ကြီး ကို ထောင်ကလွှတ်ပြီး “တပ်မတော်ကိုစိတ်နဲ့တောင် မပြစ်မှားနဲ့” လို့ ပြောခိုင်းခဲ့တယ် မဟုတ်လား။ အခုလည်း အလံရှူးသုံးပြီးနအဖ က ဗိုလ်အောင်ကြီးကို ‘ဗျူး’ နဲ့ ပွဲထုတ်ပေးနေပြန်ပြီ၊ မိမိတို့အားလုံး (အားလုံး)သတိရှိရပါမယ်။ ဗိုလ်အောင်ကြီးက‘တပ်မတော်ကို စိတ်နဲ့တောင်မပြစ်မှားနဲ့’ လို့ချည်း ပြောတာမဟုတ်ပါဘူး။ တပ်ကလည်း စိတ်နဲ့တောင်မပြစ်မှားနဲ့လို့ပါထည့်ပြောပါတယ်– လို့ ရှင်းချက်ထုတ်တယ်။ အဲဒီတုန်းက ဗိုလ်အောင်ကြီးပြောခဲ့တာ ရုပ်သံသွင်းထားတာတွေရှိတာပဲ၊ ဗိုလ်အောင်ကြီးက ဘာကိုအထူးပြုပြောနေသလဲဆိုတာ ရှင်းနေပါတယ်။ ကြေးကြော်သံတောင် တိုင်ပေးလိုက်သေးရဲ့၊ သူ့ရှင်းချက်ထဲမှာလည်း ပါနေပါတယ်။ ဒို့မှာ လက်နက်မရှိဘူး။ လက်နက်ရှိသူကို ကြောက်ကြ၊ ငုံ့ခံကြလို့ပြောနေတာပဲ။ လူထုလက်ထဲမှာ လက်နက်က အခုလည်းမရှိဘူး။ ဟိုတုန်းကလည်း မရှိဘူး။အဲဒီတော့ တသက်လုံး ငုံ့ခံကြလို့ပြောတာပါပဲ။ ဒီလိုပြောတာလည်း အကြောင်းရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့၊ စစ်တပ်(လက်နက်)နဲ့ အာဏာသိမ်းတဲ့ သမိုင်းကိုသူ ပဲစခဲ့တာပဲ၊ သူကဘာကောင်မှ မဟုတ်လို့(အခု‘ဗျူး’တွေမှာတော့ သူ့ကိုယ်သူ ဗိုလ်အောင်ဆန်း၊ ဗိုလ်နေဝင်းတို့နဲ့ တတန်းတည်းထားတယ်)ဗိုလ်နေဝင်းကို ဆရာတင်ခဲ့ရတာပါ၊ ဗိုလ်နေဝင်းကို နိုင်ငံရေးစင်မြင့်ပေါ် သူတို့ပဲ ဝိုင်းတင်ပေးခဲ့ကြတာမဟုတ်လား။ ဆန်စင်ရာကျည်ပွေ့လိုက်နေစရာ မလိုလို့ သူ့ကိုယ်ကို ‘ရွှေ’ လို့ပြောတာ၊ ‘ဒီမိုကရေစီဖခင်ကြီး’ လို့ မြှောက်ပြောတာ (BEDC ဂိုဏ်းက မြှောက် ပြောတာ)ကို ဘဝင်ခွေ့တာတွေကိုတော့ အလေးထားပြီး မရေးတော့ပါဘူး။ အခုကျမှ ဘာကြောင့် ဗိုလ်အောင်ကြီး ကို နအဖ က ပွဲထုတ် လာသလဲ ဆိုတာကိုပဲရေးပါမယ်။

၃။ ဗိုလ်အောင်ကြီး ကို ဘာကြောင့် ပွဲထုတ်လာသလဲ။

⁕ ဂမ်ဘာရီလာတော့မယ်။ DASSK နဲ့ “စကားပြော’တော့မယ်။ (စေ့စပ်ဆွေးနွေးတယ်လို့မပြောတာ သတိပြု၊ NLD ကို စကားထဲတောင် ထည့်မပြောတောတာကိုလည်း သတိပြုပါ) RM အချက် (၄) ‘ဆန္ဒခံယူပွဲ လုပ်တော့မယ်၊ ဒါတွေကြောင့် ပွဲထုတ် တာပဲ၊
အကျယ်ရှင်းပါမယ်–။

———————————

*DASSK ကို “ခေါင်းမာသူ”လို့ ပြောထားဖို့မှာ ဗိုလ်အောင်ကြီးပဲပြောမှာဖြစ်လို့ပဲ (DASSKက‘ကြေး’သူကမှ‘ရွှေ’လို့ပြောဝံ့တာသူမို့ အရှက်မရှိပလေတယ်၊ ၁၉၉၀ ရွေးကောက်ပွဲက(ဖယောင်း က)ဘယ်သူရွှေလဲ ဆိုတာသက်သေခံခဲ့ပြီးပြီပဲ NLD ထဲကဗိုလ်အောင်ရွှေ၊ ဗိုလ်လွင်တို့ကို နေဝင်းအပေါ် “အာဃာတကြီးသူတွေ” ဖြစ်အောင် အာဏာငမ်းငမ်းတက်လိုချင်သူတွေ ဖြစ်အောင်ကြိုတင်အပုပ်ချ ထားတာပဲ။ သန်းရွှေက NLD ကို စကားထဲတောင် ထည့်မပြောတာကို ကာကွယ်ပေးဖို့ဖြစ်တယ်။

⁕ RM အချက် (၄)‘ဆန္ဒခံယူပွဲ’ကလာတော့မယ်၊ ‘ဆန္ဒခံယူပွဲ’မှာ ဆန့်ကျင်မဲမပေးကြနဲ့၊ လက်နက်ရှိသူပြောတဲ့အတိုင်း တသွေမတိမ်းလိုက်နာကြ၊ ဒါမှ‘သက်သာမယ်’လို့ ပြောတာပဲ“စိတ်နဲ့ တောင်မပြစ်မှားနဲ့”ဆိုတာထက်ပြင်းတဲ့သဘောပဲ။

၄။ နောက်တချီ အုံကြွမှုကို ပြင်ပြင်ဆင်ဆင် လုပ်ကြစေချင်တယ် ၊တပ်မတော်ပြုပြင်ရေးလှုပ်ရှားမှု( RAM) ကိုလည်း လုပ်ကြစေချင်တယ်။ လူထုအုံကြွမှု ဖြစ်နေမှ စည်းရုံး ရရင် နောက်ကျသွားပါလိမ့်မယ်၊ RAM ကို အခုကတည်းက(နည်းမျိုးစုံနဲ့ .) လုပ်သင့်ပါတယ်၊ လူထု အုံကြွမှုကိုနှိမ်ဖို့ အကြမ်းဖက်ဖို့လာတဲ့ တပ်ကိုနားချဖို့ဆိုတာ သိပ်ခက်ပါတယ်။ စိတ်ချရသူကို လွှတ်လိုက်တာပါ။ အရက်ကိုးမောင်း တိုက်ပြီး လွှတ်လိုက်တာပါ။

၅။ လူထုအုံကြွမှုရဲ့ ပစ်မှတ်က ကျဉ်းရပါမယ်။ ကျဉ်းလေကောင်းလေ၊ ချက်ကောင်းကို ချိန်ပစ်လေ ကောင်းလေပါ။ ပြင်ဆင်တာမှာအချိန်ယူရပါမယ်၊ စေ့စေ့စပ်စပ်ရှိရပါမယ်။ တိုက်ပွဲဝင်ရင် အဖြေကောင်း အမြန်ပေါ်စေရပါမယ်၊ ခေါင်းဆောင်မှုက တစုတစည်းတည်းရှိ မှ ဘယ်အချိန်မှာတက်မယ်၊ ဘယ်အချိန်မှာ အနိုင်နဲ့ပိုင်းမယ် ဆိုတာ ဆုံးဖြတ်နိုင်ပါတယ်၊ ဥပဒေတွင်း တိုက်ပွဲအတွေ့အကြုံ ဗကပ မှာနည်းပါတယ်၊ ဒါကြောင့် ရှေ့တန်းမှာ ရှေ့ဆောင်နိုင်သူများ စဉ်းစားရန် တင်ပြတာပါ။

ပြည်သူ့အာဏာဂျာနယ် (အမှတ်စဉ် ၂၉) – မှ ကူးယူ တင်ပြပါသည်။